ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**ရေယာဉ်များလက်နက်တပ်ဆင်မှုတားမြစ်ရေးဥပဒေ**

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၉/၂၀၁၀)

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရေယာဉ်များလက်နက်တပ်ဆင်မှုတားမြစ်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည် -

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များတွင် အောက်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ရေယာဉ်** ဆိုသည်မှာ ရေပေါ်တွင်သွားလာရပ်တည်နိုင်ရန်ဖြစ်စေ၊ ရေပေါ်တွင် ပေါ်နိုင်စွမ်းရှိရန်ဖြစ်စေ၊ ရေအောက်တွင် ငုပ်လျှိုးသွားလာရပ်တည်နိုင်ရန် ဖြစ်စေ ရည်ရွယ်လျက် လုံးလုံးလျားလျားသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း တည်ဆောက်ထားသည့် စက်တပ် သို့မဟုတ် စက်မဲ့ယာဉ်၊ ရေပြင်ကိုတစ်နည်းနည်းဖြင့် အသုံးပြုသွားလာနိုင်သည့် သို့မဟုတ် ရေပေါ်ရပ်ပြေးနိုင်သည့် ယာဉ်နှင့်ရေပြင်ကို အသုံးပြု၍ ဆင်းသက်ပျံသန်းနိုင်သည့် ရေယာဉ်ပျံတို့ကိုဆိုသည်။

(ခ) **လက်နက်** ဆိုသည်မှာ မည်သည့်ရေယာဉ်တွင်မဆို တင်ဆောင်၊ တပ်ဆင်ပစ်လွှတ်နိုင်သည့် စစ်လက်နက်ပစ္စည်းများ၊ ယင်းတို့နှင့်ဆက်စပ်ပစ္စည်းများနှင့် ထိန်းချုပ်မှုစနစ်များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေပေါ်၊ ရေအောက် မြေပြင်နှင့်ဝေဟင်ရှိပစ်မှတ်များကို ပစ်ခတ်နိုင်သည့် သေနတ်၊ စက်

အမြှောက်၊ အမြောက်၊ ပဲ့ထိန်းဒုံး၊ ဒုံးပျံ၊ ရေမြှုပ်ဗုံး၊ ရေမြှုပ်ဒုံး၊ တိုပီဒို၊ မိုင်းများ၊ ယင်းတို့နှင့်ဆက်စပ်ပစ္စည်းများလည်း ပါဝင်သည်။

၃။ (က) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ စစ်ရေယာဉ်ကိုတည်ဆောက်ခြင်း၊ ရေယာဉ်ကို စစ်ရေယာဉ်အဖြစ် ပြောင်းလဲခြင်း သို့မဟုတ် လက်နက်တပ်ဆင်ခြင်းမပြုလုပ်ရ။

(ခ) ရေယာဉ်ကို လက်ဝယ်ရှိသူတစ်ဦးသည် သိလျက်နှင့် စစ်ရေယာဉ်အဖြစ် အသုံးပြုရန်အလို့ငှာ မည်သည့် သက်ရှိသက်မဲ့ပစ္စည်းကိုမျှ လက်သင့်ခံခြင်း သို့မဟုတ် တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ပေးခြင်း မပြုလုပ်ရ။

၄။ မည်သူမဆို ပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းကို အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ် ရပ်လုံးဖြစ်စေချမှတ်ရမည်။ ထို့ပြင် ပြစ်မှုကျူးလွန်ခြင်းနှင့်သက်ဆိုင်သည့် ရေယာဉ်နှင့်ရေယာဉ်ပေါ်ရှိ ပစ္စည်းအားလုံးကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၅။ ဤဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာစစ်ဘက်အာဏာပိုင်က တာဝန်အပ်နှင်းခြင်းခံရသော အရာရှိတစ်ဦးသည် မည်သည့်ရေယာဉ်၊ ရေယာဉ်ဆောက်လုပ်ရာနေရာ သို့မဟုတ် သင်္ဘောကျင်းကိုမဆို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၁၊ ၁၀၂ နှင့် ၁၀၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ရောက်ရှာဖွေနိုင်ခွင့်ရှိသည်။

၆။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့်သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာကို သက်ဆိုင်ရာအခြားစာရွက်စာတမ်းများ၊ အထောက်အထားများနှင့်အတူ တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၇။ ရေယာဉ်တစ်စင်းသည် စစ်ရေယာဉ်အဖြစ်တည်ဆောက်ထားခြင်း၊ စစ်ရေယာဉ်အဖြစ် ပြောင်းလဲခြင်း သို့မဟုတ် လက်နက်တပ်ဆင်ထားခြင်း ရှိမရှိတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တပ်မတော်အရာရှိတစ်ဦးဦး၏ အစီရင်ခံချက်သည် တရားဝင်သက်သေခံချက်ဖြစ်စေရမည်။

၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာကွယ်ရေး ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၉။ The Naval Armament Act ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ